# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉ - ၂ - ၂၀၁၅ ]

# (ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု၊ ချောင်းခြောက်ချောင်းအား ချောင်းကြမ်းပြင်တူးဖော်ခြင်း၊ တာဘောင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲကျောက်စရစ်များ ဖုံးလွှမ်းနေခြင်းအပေါ် ပြန်လည် ပြုပြင်တူးဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေအရ လူမှုဖူလုံရေးအိမ်ရာများ ထူထောင် ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နိုင်ငံတော်ပိုင်ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းစိုက်ကွင်းမှ အကျိုးတူ တောင်သူလယ်သမားများအား တစ်ဧကလျှင် စပါး(၁၅)တင်းနှုန်း ငွေကျပ် (၇၅၀၀ဝိ/-)အစားသနားသက်ညှာသောအားဖြင့် တစ်ဧကလျှင် စပါး(၆)တင်းနှုန်း ငွေကျပ်(၃၀၀၀ဝိ/-)နှုန်း ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ပိုလျှံနေသောလယ်ဧက(၁၅၀၀)ခန့်ကို မူလလယ်မြေအသိမ်းခံတောင်သူများထံသို့ သေချာစိစစ်၍ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၏ဆက်သွယ်ရေးလုပ်ငန်းများ** နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း၊

( င ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပလက်ဝမြို့နယ်တွင်အင်တာနက်ပါ အသုံးပြုနိုင်သော GSM တယ်လီဖုန်းများ တပ်ဆင်ခွင့်ရရှိနိုင်ရေးနှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေးကွန်ယက်မှ ချိတ်ဆက်အသုံးပြုနိုင်ရေးကို ၂၀၁၅ ခုနှစ် မကုန်မီ ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **တိုင်းပြည်ပြုလွှတ်တော်ညီလာခံကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းရှိ သမိုင်းဝင်ပါလီမန် အဆောက်အအုံကို အများပြည်သူလေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ဘီးလင်း - နက်ကြီး ကျောက်တောင် - ကျွန်းပင် - ဖာပွန် လမ်းဖောက်လုပ်ပြုပြင်မှုမည်သည့် နှစ်တွင် ပြီးစီးနိုင်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၄။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ခ ) ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ဂ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(ဃ) ဦးကျွန်ခဲန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၁၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။